

ဝေခွဲမရ

"ခင်ဗျား ဘယ်သူလဲ"

"ငါဟာ မင်းမိန်းမကို လူ့လောကကြီးထဲ ရောက်အောင် မွေးဖွားပေးခဲ့တဲ့ ဆရာဝန်တစ်ယောက်ပေါ့"

"အင်း...ဒါဆို လူကြီးမင်းကို ကျေးဇူးတင်ရကောင်းမလား၊ နှာခေါင်းရိုး ကျိုးအောင် ထိုးပစ်ရ ကောင်းမလား၊ ဝေခွဲမရသေးဘူး"

ငါက

တစ်နေ့သ၌ အပျိုကြီး ဒေါ်အေးမြသည် ကျိုက်ထီးရိုးဘုရား ဖူးရန် မော်တော်ကားလက်မှတ် သွားဝယ်၏။ လက်မှတ်ရောင်းသူက ဒေါ်အေးမြအား-

"ကြီးကြီး အမျိုးသားမှတ်ပုံတင်ပေးပါ"

ထိုအခါ အပျိုကြီး ဒေါ်အေးမြက-

"လက်မှတ်ရောင်းတဲ့ သူငယ်၊ ငါက အပျိုကြီးပဲ" ဟုသတည်း။

